ကန့်သတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံစာရင်းကောင်စီ

**အမိန့်ကြော်ငြာစာအမှတ် ( ၁ / ၂၀၁၈)**
၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်
(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်)

**မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးရန် လျှောက်ထားရမည့်ကာလ သတ်မှတ်ခြင်း**

၁။ မြန်မာနိုင်ငံစာရင်းကောင်စီ၏ ၁၆ - ၁၂ - ၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၁၅ အရ မြန်မာနိုင်ငံစာရင်းကောင်စီတွင် စာရင်းစစ်လုပ်ငန်းအဖြစ် မှတ်ပုံတင်ထားသည့် လုပ်ငန်းများနှင့် ၁၆ - ၁၂ - ၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၃/၂၀၁၅ အရ မြန်မာနိုင်ငံစာရင်းကောင်စီတွင် စာရင်းစစ်ဆေးခြင်းမှအပဖြစ်သောစာရင်းလုပ်ငန်းအဖြစ်မှတ်ပုံတင်ထားသည့်လုပ်ငန်းများ၏ မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးရန် လျှောက်ထားရမည့်ကာလကို အောက်ပါအတိုင်း သတ်မှတ်လိုက်သည်-

(က) ၂၀၁၈ ပြက္ခဒိန်နှစ်အတွက် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ မှ ဖေဖော်ဝါရီလအတွင်း လျှောက်ထားရမည်၊

(ခ) ၂၀၁၉ ပြက္ခဒိန်နှစ် မှစတင်၍ သက်တမ်းတိုးမည့်ပြက္ခဒိန်နှစ်မတိုင်မီ ကပ်လျက်ရှိသောနှစ်၏ နိုဝင်ဘာလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အတွင်း လျှောက်ထားရမည်၊

(ဂ) အထက်အပိုဒ်ခွဲ (ခ) ပါအတိုင်း လျှောက်ထားခြင်းမပြုနိုင်ပါက အပိုဒ် ၂ တွင် ဖော်ပြထားသည့် နောက်ကျကြေးပေးသွင်း၍ လျှောက်ထားရမည်။

၂။ ၂၀၁၉ ပြက္ခဒိန်နှစ် မှစတင်၍ ဇန်နဝါရီလအတွင်း သက်တမ်းတိုးလာရောက်လျှောက်ထားပါက အောက်ပါအတိုင်း နောက်ကျကြေးများပေးသွင်း၍ လျှောက်ထားရမည်-

| | | ကျပ် |
|---|---|---|
| (က) | တစ်ဦးချင်းအတွက် | ၃၀,၀၀၀ |
| (ခ) | လုပ်ငန်းအဖွဲ့ | ၁၀၀,၀၀၀ |

၃။ အထက်အပိုဒ် ၁ ပါ သတ်မှတ်ကာလနောက်ပိုင်းမှ မှတ်ပုံတင်သက်တမ်းတိုးရန် လျှောက်ထားလာမှုကို လုံးဝခွင့်ပြုမည်မဟုတ်ပါ။

အမိန့်အရ

ခင်စန်းဦး
အတွင်းရေးမှူး

စာအမှတ်၊ မစက/၇၀၀/( ၀၀၂ /၂၀၁၈) ရက်စွဲ၊ ၃ - ၁ - ၂၀၁၈

ကန့်သတ်

ဖြန့်ဝေခြင်း

မြန်မာနိုင်ငံစာရင်းကောင်စီအဖွဲ့ဝင်များအားလုံး

ဆိုင်ရာစာရင်းစစ်လုပ်ငန်းများနှင့် စာရင်းစစ်ဆေးခြင်းမှအပဖြစ်သော စာရင်းလုပ်ငန်းများ

ကြော်ငြာသင်ပုန်း

အမိန့်ကြော်ငြာစာ စာတွဲ

ရုံးလက်ခံ

မျှောစာတွဲ

အမိန့်အရ

ခင်ပြုံးရီ

ညွှန်ကြားရေးမှူး